

အသင်္ခယာ
ခေတ်က
သတို့သား
Natpankalay

# အသဉ်္ယာခေတ်ကသတို့သား

## အပိုင်း(၁)

သစ်ပင်ပေါ်တွင် ကုတ်ကပ်တွယ်ဖက်ထားသော သားတော်မောင်ကို ကြည့်ကာ ဒေါ်ပပငယ် သက်ပြင်းချမိသည်။ ဘယ်လို ကလေးမျိုးကို မွေးထားမိပါလိမ့်။ လက်က ကိုင်ထားသည့် ကြက်မွေးတုတ်ကိုသာ တယမ်းယမ်း လုပ်ပြလိုက်တော့သည်။

"ဆင်းလာခဲ့စမ်း ... နောင်ရိုးငယ်။ မေမေနောက်တစ်ခါက် ထပ်မပြောချင်တော့ဘူးနော်"

"ဟင့်အင်း ဆင်းလာရင် သား ကအရိုက်ခံရမှာပေါ့ ။ မလာဘူး။ ဒီမှာပဲနေမှာ"

"ပြောစမ်းပါဦး။ ငါကမင်းကို အကြောင်းမဲ့ရိုက်မလို့ လုပ်နေတာလား။ မင်းအသက် ဘယ်လောက်ရှိပြီလဲ"

"၂၀ ပြည့်တော့မှာကို မေမေကလည်း သိရဲ့သားနဲ့မေးနေ ပြန်ပါပြီ"

စူပုပ်ပုပ်ဖြင့် စကားပြန်လာသည်ကြောင့် ဒေါ်ပပငယ် သွေးတက်ချင်သွားသည်။ အနေအထားကဖြင့် ပိတောက်ပင်ပေါ်က အတော်အတန်မြင့်သော သစ်ကိုင်းခွကြားကို ချစ်သူရည်းစားလို တွယ်ဖက်ထားသည့် သားဖြစ်သူနှင့် အောက်ကနေ ကြက်မွေး တစ်ချောင်းဖြင့် စောင့်နေသည့် သူမ။

"မသိလို့မေးနေတာ မဟုတ်ဘူးဟေ့။ မင်းဒီအသက် အရွယ်ရှိနေပြီ။ မကြီးမငယ်နဲ့ ဦးဘတုတ် ရွှေလိုဥထားတဲ့ မာလကာသီးတွေ ဘာလို့ သွားခိုး

ခူးရတာတုံး "

"ဟာ ... မေမေကလည်း ခိုးတယ်လို့ မပြောရဘူး ရိုင်းတယ်။ မသိအောင် သွားယူတယ်လို့ ပြောရတာ"

"တိတ်စမ်း"

မေမေ တကယ် ဒေါသထွက်နေပြီမှန်း သိသည်ကြောင့် နောင်ငယ် နည်းနည်းတော့ ငြိမ်သွားရသည်။ မငြိမ်လို့လည်းမရ။ ဟိုတစ်ခါကလည်း မေမေ စိတ်ဆိုးအောင်လုပ်မိပြီး အခန်းတံခါးထဲ လော့ခ်ချပုန်းနေတာတောင် သော့ပြင်သမားခေါ်ပြီး အခန်းတံခါးဖွင့် ရိုက်ဖို့ လုပ်သေးတာ။ ဖေဖေ အဆွဲမြန်ပေလို့။

"ငါးလုံးပဲ ခူးတာပါ မေမေရယ်"

လက်လေးငါးချောင်း ထောင်ပြကာ ပြုံးဖြီးဖြီးလုပ်ပြနေသည့် သားတော်မောင်သည် သူများ အမြင်တွင်တော့ မျိုချထားချင်စဖွယ် ချစ်စရာ ကောင်းနေပေလိမ့်မည်။ ခုတော့ သူမ စိတ်ဆိုးနေသည်မို့ အကောင်းလည်း မမြင်နိုင်။

"မင်းကို ငါမုန့်ဖိုးမပေးလို့လား ဟမ်။ နေ့တိုင်း သုံးလိုက်တဲ့ ပိုက်ဆံက သူများတွေ တစ်လစာ သုံးလို့ရတယ် နောင်ရိုးငယ်ရဲ့"

"ဟာ... အပင်ကဟာက အရမ်းလတ်ဆတ်တာ။ ဝယ်စားတာနဲ့ မတူဘူး။ ပြီးတော့လေ ရေခဲသေတ္တာထဲမှာ သားတစ်လုံး ချန်ထားတယ် ။ မေမေ စားကြည့် တကယ်ချို"

"တော်စမ်း။ မင်း ငါ့ကို သူခိုးလက်က သူဝှက်လုစေချင်နေတာလား။ အပိုတွေပြောမနေနဲ့ ဆင်းလာမလား မဆင်းလာဘူးလား တစ်ခွန်းပဲပြော"

"မဆင်းဘူးပါဆို"

"ကောင်းပြီလေ ... မဆင်းလာနဲ့ ဘယ်အချိန်ထိ နေနိုင်မလဲ စောင့်ကြည့်ကြသေးတာပေ့ါ။ တကကတဲမှပဲ အရွယ်ရောက်တဲ့ သားလေးတစ်ယောက် ရှိပါတယ်။ သူများအိမ်က အသီးခိုးလို့ ရပ်ကွက်ရုံး မရောက်ရုံတမယ်"

တတွတ်တွတ်ရေရွတ်ကာ ဒေါ်ပပငယ် အိမ်ထဲပြန်ဝင်သွားလေတော့ ပိတောက်ပင်အို ပေါ်တွင် နောင်ငယ်တစ်ယောက် မျက်နှာမဲ့မဲ့လေးဖြင့် ကျန်ခဲ့သည်။ တကယ်ပါ။ သူခူးတာ ငါးလုံးတည်း ဟိုဘက်လမ်းက ကလေးနှစ်ယောက်ကို တစ်လုံးစီပေးလိုက်သည်။ သူနှစ်လုံး စားသည်။ တစ်လုံးကို မေမေ့အတွက် ချန်ထားသည်ပဲကိုး။ နေ့တိုင်းမြင်နေကျ ဦးဘတုတ် ခြံထဲက မာလာကာသီးတွေက အမြဲလိုလို နောင်ငယ်ကို ဆွဲဆောင်နေလေတော့ မတတ်သာသည့် အဆုံး ခြံစပ်နားကနေ လှမ်းခူးတာပဲလေ။ ကံကောင်းချင်တော့ ငါးလုံးရတယ်။ ကံဆိုးချင်တော့ ခူးပြီးသွားချိန် ဦးဘတုတ် တွေ့သွားတယ်။

အင်းလေ မဆင်းလာနဲ့ ဆိုတော့လည်း မလာရုံပဲပေ့ါ။

သားလေးတစ်ယောက်ရှိသည်ကို မေမေက ဘယ်တော့မဆို အလိုမလိုက်။

ဖေဖေနှင့် တခြားစီ။ သမိုင်းသုတေသီဖြစ်သည့် ဖေဖေဦးနောင်ထွန်းက အေးဆေးတည်ငြိမ်ပြီး နောင်ငယ့် ကိုလည်း အမြဲ အလိုလိုက်တတ်သူဖြစ်သည်။ ဒါပေမဲ့ နောင်ငယ့်ကို ဘယ်သူ့ကို ပိုချစ်လဲလို့တော့ မမေးနှင့်။ ဘယ်သူက ပိုအလိုလိုက်သည်ဖြစ်စေ နှစ်ယောက်လုံးကို နောင်ငယ်က တန်းတူချစ်သည်။ ကြွယ်ဝသည့်ထဲပါသည့် မိသားစုဖြစ်ရခြင်းမှာ ဖေဖေ ဘိုးစဉ်ဘောင်ဆက် ချမ်းသာခဲ့သည်လည်း ပါသလို အလုပ်ကြိုးစားသည် ကြောင့်သာမက မေမေကလည်း စီးတဲ့ရေ ဆည်တဲ့ကန်သင်း ဖြစ်အောင်ကြိုးစား နေထိုင်သည်မလား။

အတွေးတွေများနေရင်းဖြင့် နောင်ငယ် တစ်ယောက်သည် ခွထားသည့်

သစ်ကိုင်းကို ဖက်တွယ်လျက် မေးခနဲ အိပ်ပျော်သွားပေတော့သည်။

***

သစ်ပင်ကြားတွင် အိပ်ပျော်နေသည့် သားဖြစ်သူကို ကြည့်ကာ ဦးနောင်ထွန်း သဘောတကျ ပြုံးနေမိသည်။ ဒါက အသက် နှစ်ဆယ်တဲ့လား။ ဖွေးဖွေး ဖြူနေသည့် အသားအရောင်နှင့်အတူ သွားတက်လေးတစ်ဖက်နှင့် သားက ရယ်လိုက်တိုင်းလည်း ချစ်စဖွယ်၊ အင်္ကျီပွပွကြီးနှင့် ဘောင်းဘီတိုစိမ်းရင့်ရောင်ကို ဝတ်ထားသည်မှာ ကလေးသာသာမို့ တက္ကသိုလ်ကျောင်းသား ဆိုသည်မှာ ကျိန်ပြောရမယောင်။

"အာ ... ပပရယ် ... ဘောင်းဘီတိုလေးနဲ့ သား ခြေသလုံးတွေ ခြင်ကိုက်တော့မှာပဲ။ ခေါ်လိုက်တော့ ကလေးကို"

"နေပါစေ။ ဒီလောက်တောင် ဆိုးတဲ့ကလေး"

"ဩော်... ဒီကလေးဆိုးလေးကိုပဲ ပပလည်း ချစ်နေပြီးတော့ "

"ကိုထွန်းမသိပါဘူး ... ဦးဘတုတ်က အိမ်လာပြီး တိုင်သွားတယ်။ ခိုးမှုမြောက်တယ်ဆိုပဲ နောင် ရပ်ကွက်ရုံး ပို့မယ်တဲ့။ ပပမှာ မနည်းတောင်းပန်လိုက်ရတယ်"

ဒေါ်ပပငယ် ညည်းညည်းညူညူ ပြောနေသမျှ ဦးနောင်ထွန်းက ရယ်သည်။

"သား ... သားနောင်ငယ် ... ထ ... တော့ "

အပင်က နည်းနည်းမြင့်သည်ကြောင့် အောက်ကနေပဲ လှမ်းခေါ်ရတော့သည်။ အသံကျယ်ကျယ် သုံးမှ နောင်ငယ်က နိုးလာသည်။ ဦးနောင်ထွန်းကိုမြင်တော့ ပျော်သွားသည်မှာ မျက်လုံး လေးများက တလက်လက်တောက်ပနေသော ကြယ်လို။

"ဖေဖေ ပြန်လာပြီလား။ ဩော် မိုးတောင်ချုပ်စပြုနေပြီပဲ။ အဟီး... မေမေ သားဆင်းလို့ရပြီလားဟင် ဒီမှာလေ ... ကိုယ်လည်း နာတယ်။ ခြင်လည်း ကိုက်တယ်။ သားမှားမှန်းသိပါပြီ ... နောင် မလုပ်တော့ပါဘူး မေမေ နော် ... နော် ... "

မျက်နှာငယ်လေးဖြင့် တဖွဖွတောင်းဆိုနေပုံကို ဒေါ်ပပငယ် မျက်စောင်းဝင့်ကြည့်ရင်းမှ ပြုံးမိသည်။ မချစ်ရှိမလား။ ရင်မှဖြစ်သော သည်းချာကို။

"မင်း စကားနဲ့မင်းနော် ... ဆင်းလာခဲ့တော့ ခေါင်းတဆတ်ဆတ် ညိတ်ကာ သစ်ပင်ကို တွယ်ကုပ်ကာ နောင်ငယ် ပြန်ဆင်းလာသည်။ ပြုတ်ကျမှာ တော့ မိဘနှစ်ပါးကမပူ။ နောင်ငယ်က မွေးကတည်းက သစ်ပင်တက်လာ သလား မှတ်ရအောင် မျောက်ငယ်လေးလို ဟိုခုန်သည်ကူးနှင့်။

"ကဲ ဖေဖေ ရေချိုးလိုက်ဦးမယ် ပြီးရင် ထမင်းစားကြမယ် ဟုတ်ပြီလား။ ဩော် ဖေဖေ့စာကြည့်ခန်းထဲမှာ သားအတွက်ဝယ် လာတဲ့ ဟယ်ရီပေါ်တာ စာအုပ်တွဲရှိတယ် သွားယူလိုက် ... "

"ဗျာ ... Oh My God တကယ်ကြီး ... ဟာ ချစ်တယ်ဗျာ ဖေဖေ့ကို ... "

ဦးနောင်ထွန်းကိုဖက်ကာ မွှေးမွှေးတွေ ဘာတွေပေးတော့ ဒေါ်ပပငယ်က မျက်စောင်းထိုးသည်။ နောင်ငယ် တစ်ချက်ရယ်ကာ မေမေ့၏ သနပ်ခါးနံ့ လေးဖြင့် သင်းနေသည့် ပါးကို အားရပါးရ မွှေးကြူလိုက်သည်။

"ဘာပဲဖြစ်ဖြစ် သားက မေမေ့ကို အချစ်ဆုံး..."

မိဘနှစ်ပါး ကျေနပ်ကျန်ခဲ့ကြမှာ နောင်ငယ်သိသည်။ သူကတော့ အောက်ထပ်တွင်ရှိသော ဖေဖေ့စာကြည့်ခန်းထဲသို့ လှစ်ခနဲ ရောက်လာ သည်။ စားပွဲပေါ်တွင်တင်ထားသည့် စာအုပ်တွဲက သူ့ မျက်လုံးကို ဘလင်း ဘလင်း ဖြစ်စေသည်လေ။ လိုချင်တာဘယ် လောက်တောင် ကြာခဲ့ပြီလဲ။

ဒီတလော သူညဘက် လျှောက်လည် အပြင်ထွက်မို့ မေမေစိတ်ဆိုးပြီး မုန့်ဖိုးဖြတ်ထားတာ။

"အိုခေ ... ကျောင်းမဖွင့်ခင် အပီပဲ။"

စာအုပ်တွဲကို ပွေ့ပိုက်ကာ ပြန်ထွက်ရန်ပြင်စဉ် မျက်လုံးက စားပွဲပေါ်က ဘောပင်ထည့်သည့် ခွက်နားလေးတွင် သေချာကပ်ထားသည့် ဘူးအနက်ရောင်လေးကို အကြည့်ရောက်သွားသည်။ ဘာရယ်မဟုတ် ကနုတ်တွေဖော်ကာ လှလှဖောက်ထားသည့် ဘူးလေးမို့ သူအသာယူကာ ဖွင့်ကြည့်လိုက်သည်။ တစ်လက်မသာ သာရှိသည့်ဒ ဂ်ါးပြားငယ်လေးကို အနက်ရောင် ကြိုးလေးဖြင့် ဖောက်ထားသည့် ဆွဲကြိုးလေး။

ဒဂ်ါးပြားပေါ်တွင်က စစ်သူကြီးနှစ်ယောက် ဓားရေးကစား နေဟန်ကို လှလှပပ ပုံဖော်ထားသည်။ နောင်ငယ် သဘောကျသွားသည်။

"သားရေ ... မင်းလည်း ရေချိုးတော့လေ"

စာကြည့်ခန်းတံခါးဆီမှ ရုတ်တရက် ထွက်ပေါ်လာသည့် ဦးနောင်ထွန်းအသံကြောင့် တုန်ခနဲ လန့်ကာ ဒဂ်ါးပြားဆွဲ ကြိုးလေးကို ယောင်ပြီး ဘောင်းဘီအိတ်ကပ်ထဲ ထည့်လိုက်မိသည်။

ဖေဖေက သဘောကောင်းပေမဲ့ သူ့သမိုင်းဝင် ပစ္စည်းတွေကို ခွင့်ပြုချက်မရှိဘဲ ထိတွေ့တာကို မကြိုက်။ ခုတော့ အိတ်ကပ်ထဲ ထည့်ထားလိုက်ပြီး နောက်မှ ပြန်ထည့်လိုက်မည်ဟု တေးမှတ် ထားလိုက်သည်။

"ဟုတ် ဖေဖေရော မချိုးသေးဘူးလား။ "

"ဖုန်း ခဏပြောစရာရှိလို့ သားရဲ့ မြန်မြန် သွားချိုးတော့ သွား ... "

ဦးနောင်ထွန်းက စားပွဲပေါ်က ဖုန်းလေးကို ကောက်ကိုင်လိုက်သည်။ နောင်ငယ်လည်း ခပ်မြန်မြန်ပဲ အခန်းထဲက ထွက်လာခဲ့လိုက်သည်။

အပေါ်ထပ်က အိပ်ခန်းထဲထိ ပြေးတက် လာလိုက်သည် ဆွဲကြိုးလေးကို တော့ဖြင့် ပိုက်ဆံအိတ်ထဲ ခဏထည့်ထားလိုက်သည်။ မည်သူမျှ မတွေ့ အောင်လို့။ ထို့နောက် အဝတ်အစားတွေကို ချွတ်ကာ အိပ်ရာခြေရင်းနား ဖြစ်သလို ပစ်ချလိုက်ပြီးမှ အတွင်းခံ ဘောင်းဘီတိုလေးဖြင့်သာ ရေချိုးခန်း ထဲ ဝင်လိုက်သည်။ စိမ်ပြေနပြေ ရေစိမ်ကာ သီချင်းလေး တအေးအေးဖြင့် နောင်ငယ်သည် စိတ်ချမ်းသာနေပါသည်။

သို့ပေမဲ့ ဘယ်သူက ထင်မှာလဲ။

အဲဒီဒင်္ဂါးပြားလေးက ဘဝကို ပြောင်းလဲပစ်လိုက် လိမ့်မယ်လို့။

***

အပိုင်း(၂)

နှစ်ထပ်တိုက်အိမ်၏ အပေါ်ထပ်အိပ်ခန်းမှ နောင်ငယ် အိပ်မှုန်စုံမွှားဖြင့် ဆင်းလာသည်။ ထမင်းစားခန်းထဲကို တန်းဝင်လိုက်တော့ ဒေါ်ပပငယ်က အိမ်က ကောင်မလေး နှစ်ယောက်နှင့် မနက်စာ ပြင်ဆင်နေသည်ကို တွေ့လိုက်ရသည်။

ရေခဲသေတ္တာနားသို့ သွားကာ ရေတစ်ဘူးကို ယူသောက်လိုက်သည်။ EXOတံဆိပ်ပါ ရေဘူးလေးက နောင်ငယ်တစ်ယောက်တည်း သောက်သည့် သီးသန့်ရေဘူး။

"နိုးလာပြီလား နောင်ငယ်။ လာ ... ဒီနေ့မနက် မေမေ အုန်းနို့ခေါက်ဆွဲ ချက်ထားတယ် လာစားတော့"

"ဖေဖေလည်း မတွေ့ပါလား။ ခါတိုင်း ဒီချိန် ဖေဖေမနက်စာ စားနေပါပြီ"

နောင်ငယ် စားပွဲမှာ နေရာယူလိုက်တော့ ဒေါ်ပပငယ် ကိုယ်တိုင် ခေါက်ဆွဲပန်းကန် ပြင်ပေးသည်။

"သားဖေဖေက မနေ့ညကပဲ ဖုန်းဝင်လာလို့ ဒီမနက် အစောကြီး ထသွားတာ။ မြစ်ကြီးနား ဘက်မှာ ဆွေးနွေးပွဲရှိလို့ ဆိုလား"

"အမ် သားကိုတောင် နှုတ်မဆက်သွားဘူး"

"အိပ်ပုပ်လေး အိပ်ရေးပျက်မှာ စိုးလို့ပါတဲ့ရှင့်။ ညမှ ဖုန်း ဆက်လာလိမ့်မယ်။ ကဲ စားတော့ နောင်ငယ် ... "

မနက်စာသည် အရသာရှိလှပေစွ။ စားကောင်းကောင်းနှင့် နောင်ငယ်

နှစ်ပန်းကန်အပြည့် စားပစ်လိုက်သည်။ သူမ ကိုယ်တိုင် ချက်ထားသည်ကို နောင်ငယ်ကြိုက်တာ တွေ့တော့ ဒေါ်ပပငယ်က ပြုံးကာ သဘောကျနေလေသည်။

"ဩော် မေမေ ဟိုတစ်လောတုန်းက ပြောထားတာလေ။ ဇေယျာတို့နဲ့ တောင်ငူဘက် ခရီးထွက်ဖို့ကိစ္စလေ ... ဒီနေ့လယ် သွားမှာနော်"

"အယ် ဒီနေ့လား ပစ္စည်းတွေရော ထည့်ပြီးပြီလား"

"အားလုံး ready အဟီး မုန့်ဖိုးပဲ နည်းနည်း ထပ်ပေးလိုက်နော် မေမေ"

ထုံးစံအတိုင်းပေ့ါ။ သွားတက်ကလေး ပေါ်လာအောင်ရယ် ပြလျက် ချွဲလေတော့ ဒေါ်ပပငယ် မျက်စောင်းနုလေးဖြင့်သာ မုန့်ဖိုး ထပ်ပေးရတော့သည်။

တစ်မနက်လုံး လိုအပ်သည်များ ထပ်ထည့်တာနှင့် ခရီးသွားမည့်အချိန်က ရောက်မှန်းမသိ ရောက်လာသည်။ နောင်ငယ်တို့ခြံထဲသို့ ဇေယျာတို့အိမ်က ကားဝင်လာသည်။

"နောင်ငယ် ပြီးပြီလားကွ ... "

"အဆင်သင့်ပဲဟေ့ကောင်။ မင်းတို့ပဲနောက်ကျနေတာ"

နောင်ငယ်တို့အိမ်က အလုပ်သမား ကောင်လေးက အိတ်တွေကို ကားပေါ်တင်ပေးသည်။ ဇေယျာ ... မျိုးမြတ်... နှင်းကဗျာ... သဇင် နှင့် နောင်ငယ် အပါအဝင် အားလုံးငါးယောက်။

"သားတို့သမီးတို့ တအားလည်း မကဲကြနဲ့နော်။ ကား မောင်းပေးတဲ့ ဦးလေးကြီးကြောင့်သာ အန်တီက စိတ်ချရတာ။ လူငယ်တွေချည်းပဲဆို တကယ် မလွှတ်ချင်ဘူး"

"ဟုတ်ကဲ့ပါ အန်တီ"

ဆင်ဝင်အောက်တွင် ဒေါ်ပပငယ်ပါ ထွက်လာကာ ဆုံးမ စကားဆိုတော့

သူငယ်ချင်းတွေ မျက်နှာသေလေးနှင့် ဟုတ်ကဲ့ကြသည်။ နောင်ငယ် ခွိခနဲ ရယ်မိသည်။ ပြီးရင် ထိန်းမရတာ သူတို့။ လူကြီးရှေ့ဆို မခုတ်တတ်သည့် ကြောင်လေးလိုနှင့်။

"စိတ်ချပါ မေမေရယ်... သွားတော့မယ်နော် "

ဒေါ်ပပငယ်၏ ပါးလေးကို ဖျတ်ခနဲ မွှေးကြူလိုက်ကာ နောင်ငယ် ကားပေါ် တက်ခဲ့တော့သည်။ ခရီးထွက်ရမည်ဆိုလို့ အားလုံးက မြူးကြွသွက်လက်နေသည်။ နောင်ငယ်တို့ အစီအစဉ်က တောင်ငူမှာ ညအိပ်ကာ သံတောင်ကြီး နော်ဘူတောင် အားလုံးကို ပတ်လည်ပစ်မည်ဟု စိတ်ကူးထားကြသည်။

"နောင်ငယ် မေးမယ်နဲ့ မေ့နေတာ နင်လိုက်ချင်သလိုလို ဖြစ်နေတဲ့ ရှုပက တစ်ယောက်လေ ... ဘာတဲ့ ကလျာသက်ဝေ ဆိုလား။ ဘယ်လိုလဲ အခြေအနေ...တိုးတက်ပြီလား"

နှင်းကဗျာ၏အမေးကို နောင်ငယ်က စိတ်ပျက်လက်ပျက် ပုံစံဖြင့် ခေါင်းခါပြလိုက်သည်။ ထိုအခြင်းအရာကို မျိုးမြတ်က ရယ်ကာ ...

"ဘယ်က တိုးတက်ရမှာလဲ။ ဟိုက သူ့ကိုမြင်တာနဲ့ နောင်ငယ် ... လာလေ ... ငါ့သူငယ်ချင်းတွေနဲ့ မိတ်ဆက်ပေးမယ် ဆိုတာချည်းပဲ။ ကလျာသက်ဝေ သူငယ်ချင်းတွေကလည်း တကယ့် အချောစား Major Kingတွေ... နောင်ငယ်လို ဖြူဖြူဥဥလေးကို ကလျာသက်ဝေက ယောက်ျား ပေးစားချင်နေတာ... ခွီး... ချစ်တော့ ချစ်မှာပါ ကလေးလို ... ဒါမှမဟုတ် သားလို .."

မျိုးမြတ်စကားကို အားလုံးက ဝါးလုံးကွဲထရယ်ကြသည်။ Alphard ကား နောက်ခန်းက ခုံတွေကို မျက်နှာချင်းဆိုင် လှည့်ထားသည်မို့ နောင်ငယ်က ပိုက်ထားသည့် ခေါင်းအုံးဖြင့် လှမ်းပေါက်လိုက်သည်။

"ကလျာသက်ဝေထင်လည်း ထင်ချင်စရာပဲ နောင်ငယ်ရဲ့။ နင်က ချစ်စရာလေးဟ ... ကလေးဆန်တာလေးရယ် မျက်နှာနုနုလေးရယ် အယ် အရပ်ကလေး နည်းနည်း ရှည်တာသာ ဖယ်လိုက်ရင် လုံးဝ Ideal Uke type ပဲ ... "

"တော် ... တော် ... နင်တို့စကားတွေက အမြဲဒီထဲက မထွက်ဘူး။ ကလျာသက်ဝေ ပြန်မကြိုက်လည်း နေပါစေဟာ ... ငါ့ ဘာသာ အိမ်မှာ အပင်တက်လိုက် ဦးဘတုတ် မာလကာသီး ခိုး ခူးလိုက်နဲ့ အားလုံးအဆင်ပြေတယ်"

အားလုံးသဘောတကျ ရယ်မောမိကြပြန်သည်။ တကယ်ကို နောင်ငယ်က ကလေးလေးလို။ ပုံမှန်လိုပါပင် ခရီးစသည့် အချိန်က ဆူညံဆူညံ အသံများက နည်းနည်းကြာတော့ အသံတိတ်ကာ အိပ်ငိုက်ကြတော့သည်။ တရိပ်ရိပ် မောင်းနှင်လာသော ကားလေးသည် ပုံမှန်အရှိန်ဖြင့် သွားလာနေသည်။ အားလုံး အိပ်ငိုက်နေကြစဉ် နောင်ငယ်ကတော့ မှတ်ပုံတင်ကျန်ခဲ့မည်လား ဇဝေဇဝါဖြစ်ကာ ပိုက်ဆံအိတ်လေးကို ထုတ်လိုက်သည်။ အဲ့တော့မှ မနေ့ညက ထည့်လာသည့် ဒင်္ဂါးပြား ဆွဲကြိုးလေးကို ပြန်မထားရသေးကြောင်း သတိရကာ ခေါင်းကြီးသွားရသည်။

"Oh My God သေချာပေါက် ဖေဖေတော့ ငါ့ကိုသတ်တော့မှာပဲ"

"ကျွီ"

အခြေအနေတွေသည် မည်သို့ ဖြစ်ကုန်သည်မသိ။ ဝုန်းခနဲ မြည်သံကျယ်ကြီးနှင့် အတူ လှုပ်ယမ်းခါသွားသော နောင်ငယ်တို့ ကားသည် လမ်းဘေးတစ်နေရာသို့ ထိုးကျသွားသည်။ အော်ဟစ်သံတောင် မထွက်လိုက်ရအောင် အဖြစ်အပျက်က မြန်ဆန်လွန်းလှသည်။ လော့ခ်မချ ထားမိလိုက်သည့် တံခါးကနေ ဇယျာရော နောင်ငယ်ပါ အပြင်ဘက် ထွက်ကျလာသည်။

ခေါင်းက ပူခနဲ ခံစားလိုက်ရခြင်းနှင့်အတူ နောင်ငယ်ထံမှ စီးကျလာသော သွေးအချို့သည့် ကျစ်ကျစ်ပါအောင် ကိုင်ထား မိသည့် ဒင်္ဂါးပြားလေး ပေါ် သက်ဆင်းသွားသည့် တဒင်္ဂ…။

အသိတရားအားလုံးမှောင်မိုက်သွားရပါတော့သည်။

***

"ရေ … ရေ … "

"ဟော … လူလေးသတိရလာပြီထင်ပ မိန္တယ်ရေယူခဲ့စမ်းပါ့ကွယ် … "

နောင်ငယ် တစ်ခါမှမကြားဖူးသည့် လူကြီးတစ်ဦးအသံကို ကြားလိုက်ရသည်။ မျက်တောင်ဖျားတို့က မပွင့်ချင်ပွင့်ချင်။ ရေ ဆာလွန်းနေသည်ကိုသာ သိပြီး ကိုယ်ကလည်း သိပ်တော့မထူနိုင်ရှာ။

"ခွန်မင်း … ထူပေးလိုက်ပါဦးကွယ် ကလေးကို … "

ပြန်ဖြေသံတော့ မကြားရ။ ခွန်မင်းဟု အမည်နာမရှိသူက နောင်ငယ်ကို နောက်ကျောကနေ ပွေ့ပြီး ထူပေးလိုက်သည်ကိုတော့ ခံစားရသည်။ နှုတ်ခမ်းတွင် လာရောက်ထိတွေ့သည့် ရေကို နှစ်နှစ်ခြိုက်ခြိုက် သောက်မိပြီးမှ မျက်လုံးတို့က သေချာပွင့်လာသည်။ သစ်သားအိမ်ကြီး ရခိုင်ပင်ဖြစ်သည်။ တစ်ခါတလေ နယ်ဘက်တွေမှာ တွေ့ရတတ်သည့် အိမ်ပုံစံမျိုးပါပင်။ သို့ပေမဲ့ တစ်ခုတော့ မဟုတ်သေး။ ရှေ့ကမြင်နေရသည့် ဦးလေးကြီးက ရှေးခေတ်ခေါင်းပေါင်း ဝတ်စုံနှင့်ဖြစ်သည်။ စောစောက ရေယူလာပေးဟန်တူသော မိန္တယ်ဆိုသည့် ဆယ့်ငါးဆယ့်ခြောက်ခန့် ရှိမည့်ထင်ရသည့် မိန်းကလေးကလည်း ရင်ခံစနှင့် အပေါ်ရုံ ဝတ်ဆင်ထားပုံမှာ ရုပ်ရှင်တွေထဲက သူ မြင်ဖူးသည့် ရှေးခေတ်အသွင်အပြင်နှင့် ဖြစ်သည်။

"လူလေး သတိလစ်မေ့မြောနေတာ သုံးရက်ရှိပြီ။ ဆေးဆရာလည်း ခေါ်ပြ

ပြီးလေတော့ များမကြာခင် သတိရလာမယ်လို့ ပြောသွားတယ်။ ဘယ်နား တွေ နာကျင်သေးတုံးကွဲ့"

နောင်ငယ် ခေါင်းလေးလှုပ်ရုံသာ ခါယမ်းပြလိုက်သည်။ ခုမှသတိထား မိသည်။ မိမိကို နောက်ကျောကနေ ထိန်းကာပွေ့ထားပေးသူကို ခေါင်း မော့ကြည့်လိုက်သည်။ မျက်ခုံးထူထူ မေးရိုး ကောင်းကောင်းနှင့် တိကျ သေသပ်သည့် နှုတ်ခမ်းတစ်စုံ ရဲရင့်ထက်မြက်သည့် မျက်ဝန်းတို့။

ထိုသူ ဝတ်ထားသည့် အင်္ကျီကတော့ အသားရောင် ရှပ်အရှည်လိုနှင့် ထိုင်း ဘက်က ဝတ်စုံနှင့် ဆင်သည်။

"ကျွန်တော်က ခု ဘယ်ကို ရောက်နေတာလဲဟင်"

"လုံရွာကိုလေ။ တောစပ်မှာ လူလေး မေ့လဲနေတာတွေ့လို့ ဦးရိုးနဲ့ လက်စွဲ တပည့်က ကယ်တင်ခဲ့တာ"

"အာ ကျေးဇူးတင်ပါတယ်ခင်ဗျာ.။ သုံးရက်တောင် ရှိပြီဆိုတော့ အိမ်က လည်း စိတ်ပူနေတော့မှာ ဖုန်း ... ဖုန်းလေး တစ်ချက်လောက် ဆက်လို့ရမ လား"

ထိုလူသားသုံးဦးသည် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ကာ နား မလည်သလို ဖြစ်နေကြသည်။ နောက်ဆုံးတော့ နောင်ငယ်ကို ခုထိ ထိန်း ထားပေးသည့် လူကပဲ စကားစလာသည်။

"ဖုန်းက... ဘာကိုပြောချင်တာလဲ မောင်ရင် ... "

နောင်ငယ် တွန့်ခနဲဖြစ်သွားရသည်။ ဘယ့်နှယ် သူ့အသက်နှင့် ကိုယ့် အသက်ကွာလှ လေးငါးနှစ်ပေါ့။

"ဟမ်းဖုန်းလေ ... ဩော် ကြိုးဖုန်းရှိလည်း ရပါတယ် ... ကျွန်တော့်အိမ် ဖုန်းကို မှတ်မိတယ်"

"ဘာကို ပြောချင်တာလဲ ဦးရီးတို့တော့မသိပ။ လူလေး နေရပ်ဌာနေကို ပြောပါ။ ဦးရီးတို့ စုံစမ်းပေးပါ့မယ်"

"ကျွန်တော် ရန်ကုန် ကလာတာပါ"

အားလုံး ဒုတိယအကြိမ် အကြည့်ချင်း ဆုံသွားကြပြန်သည်။ ထိုဒေသမျိုး ကိုမကြားဖူး။

"ရန်ကုန်ဆိုတာတော့ မကြားဖူးဘူးကွဲ့။ နို့ပေမဲ့ စိတ်မပူလေနဲ့။ မြို့အပိုင် ကို သွားအကြောင်းကြားပြီး စုံစမ်းပေးပါ့မယ်... အသင်္ချာက ကျယ် တယ်ဆိုတော့ နည်းနည်းတော့ စောင့်ပ "

"ခဏလေး ခဏလေး အသင်္ချာ ဆိုတာ ဘာ ... ဘာကြီးလဲ။ မဟုတ် သေးဘူး။ ဒါ ဘယ်ခုနှစ်လဲ ... "

"၁၆၃၅ ခုနှစ်ပါ လူလေး။ အသင်္ချာခေတ်လို့ ခေါ်သပ ... "

နှောင်ငယ်ရင်ထဲ ဝုန်းခနဲ အသံမြည်သွားကာ ကိုယ်က မတ်ခနဲ ဖြစ်သွား သည်။ တဒိုင်းဒိုင်း ဆောင့်ခုန်လာသော ရင်ဘတ်ကို အသာထိန်းကာ ... ...

"၁၆၃၅ ... ၁၆၃၅ ... ညောင်ရမ်းခေတ် မဟုတ်လား။ ၁၆၃၅ ဆိုပြီး ငါက ဘယ်ခေတ် ရောက်နေတာတုံး "

မရှိမဲ့ရှိမဲ့အားလေး စုစည်းကာ ထလျက် ပြတင်းပေါက်နားကို ပြေးသွား လိုက်သည်။ လှမ်းမြင်နေရသည်က အရောင်ဒီဇိုင်းကွဲ သော်ငြား ရှေးခေတ် တူညီဝတ်စုံများဖြင့် လှုပ်ရှားသွားလာ နေသူများရယ် ... ရွာလမ်းမကြီးရယ် နှင့် မြင်မြင်သမျှသည် ခေတ်ဟောင်း တစ်ခေတ်ကို ဖော်ကျူး နေကြသည်။

သူ အချိန်ခရီး သွားလာတာလား။

ယုတ္တိမရှိတန်ဟု ဆိုကာ ဇာတ်လမ်းတွေတောင် လှောင်ပြောင်ခဲ့သည့် သူက ခု ခေတ်ဟောင်း တစ်ခေတ်မှာတဲ့လား။

ဝုန်းဆို ခြေထောက်တွေ မခိုင်ပါဘဲ ခွေခနဲ ခေါက်လဲသွားသည်။

"ဟာ ... လုပ်ကြဦး ... ခွန်မင်း သွားခေါ်ခဲ့ကွယ်။ နေဦး ဦးရီး ဆေးဆရာ ပြန်သွား ကြည့်ပါဦးမယ် လိုက်ခဲ့မိန္ဒယ်"

ဦးရီးက ချက်ချင်းပင်ထသွားသည်။ ခွန်မင်းသည် ဦးရီး၏ အလောသုံးဆယ် စကားကြောင့် ပြတင်းပေါက်နားက ကောင်သေးသေး လေးကို စွေ့ခနဲ ကောက်ပွေ့ကာ ခုတင်ထက် ပြန်ခေါ်လာ လိုက်သည်။

ထိုကောင်လေးက ငိုမဲ့မဲ့ဖြင့် သူ့ကိုမော့ကြည့်လာသည်။

"ဟိုလူကြီး ... ကျွန်တော် အိမ်ဘယ်လို ပြန်ရမှာလဲဟင် ... "

***

အပိုင်း(၃)

ဆေးဆရာ လာကြည့်ပေးပြီးသွားသည့် ညနေတစ်ပိုင်းလုံး တငိုငိုတရယ်ရယ်နှင့် ထိုကောင်လေးလေးသည် ခုတော့ဖြင့် ခွန်မင်းတို့အိမ်ခန်း နောက်ဖက် ထမင်းဝိုင်း ပြင်ဆင်နေသည့် နေရာကို အိမ်မတံခါးဝကနေ ပြူတစ်ကာ ချောင်းကြည့်နေပါသည်။ သစ်သားခုံတန်းရှည်တွင် ဦးရီးနှင့်အတူ ကျေးရွာလုံခြုံရေး ကိစ္စတချို့ဆွေးနွေးနေပါသော ခွန်မင်းက ဖျတ်ခနဲ လှည့်အကြည့် သူ့ကို သတိထားမိခြင်း ဖြစ်သည်။

"ဟော့ ... နောက်က မိန္ဓယ်တို့ ဟင်းထမင်းက မရသေးဘူးလား။ ဒီမှာကလေးငယ် ဆာနေရော့ပြီ"

ဦးရီး၏ လှမ်းဆော်သြလိုက်သံတွင် နောင်ငယ်မျက်လုံးလေးတွေ လက်ခနဲ ဖြစ်သွားသည်။ အမှန်လည်း သူဗိုက်ဆာနေပါပြီ၊ မည်မျှပင် အိမ်ပြန်ချင်၍ငိုငို နောင်ငယ်သည် အစာအိမ်ရှိသော လူသား တစ်ယောက်ပေမို့ ဗိုက်ဆာသည့်ဒဏ်ကို မခံနိုင်။ နဂိုကတည်းကမှ စိတ်အကြာကြီး ညစ်နေတတ်သည့် အမျိုးထဲ မပါသည်ကြောင့် ကံစီမံရာ ဒီရောက်လာတော့လည်း အတွေ့အကြုံ သစ်ရသည်ပဲ မှတ်လိုက်ရတော့မည်ပေ့ါ။

"ရပါပြီ ဦးရီးတို့ရော စားတော့မည်ပ"

"မဆာသေးရော့။ ကဲ ခွန်မင်း ထမင်းစားဖို့ ခေါ်သွားပေးလိုက်ပါကွယ်"

ခွန်မင်း ခေါင်းညိတ်ပြကာ တံခါးဝနားက ကောင်လေးကို လက်လှမ်းခေါ်လိုက်သည်။ လှစ်ခနဲနေအောင် ပြေးလာပါသည်။ ခွန်မင်း၏ ဝတ်စုံတွေကို

ပေးဝတ်ထားသည်မို့ လူကောင်သေးသည့် ကောင်လေးသည် ဘောင်းဘီ လုံချည်ကို ပုံကျနေသလိုတောင် ဖြစ်နေသည်။ ပြီးတော့ ခွန်မင်းတို့လို လည်း သျှောင်ထုံး မရှိ။ နဖူးပေါ် အုပ်နေသည့် ဆံပင်ဘုတ်သိုက်လေးနှင့် ဖြစ်သည်။ ပုံစံက ဖြူဖြူဥဥလေးလည်း ဖြစ်သည်။ ခွန်မင်းကတော့ ဤ အသွင်မျိုးကို မနှစ်သက်။ ယောကျာ်းပီပီ အားအင်ဗလနှင့် တည်ငြိမ်ခြင်း မျိုးကိုသာ နှစ်လိုသူဖြစ်သည်။

ထမင်းစားခန်းထိ ဦးဆောင်ခေါ်သွားလေတော့ မိန္ဒယ်တို့ အသင့်ပြင်ပေး ထားသည့် ထမင်း ဟင်းတွေက စောင့်နေသည်။

"မောင်ကြီးခွန်မင်းရော စားတော့မည်လား"

"တစ်ခါတည်း စားလိုက်မယ်... ဆာနေပြီပ ... "

ထမင်းဝိုင်းကိုကြည့်ကာ နှောင်ငယ် ငိုချင်စိတ် ပေါက်သွားသည်။ မန်ကျည်းရွက်တွေဟု ထင်ရသည့် အရွက်သုပ်ကတစ်ပွဲ ... ကြက်ဥချက်က ဆီမပါဘူးလား တောင်ထင်ရသည့် ပုံစံ။ အရွက် တွေနှင့် မည်သည့် ဟင်းချိုဟု အမည်တပ်ရမည် မှန်းမသိသည်က တစ်ဖုံ။ ပြင်ဆင်ပေးသည့် မိန္ဒယ်ဆိုသည့် ကောင်မလေးက ပြုံးပြကာ ထမင်းတစ်ပန်းကန် ထည့် ပေးသည်။

"အဟွပ် ... ဟွပ် ... "

"ဖြည်းဖြည်း ... ရေသောက်လိုက်ပါဦး"

မိန္ဒယ်က လိုအပ်သည်များလုပ်ပေးကာ အုန်းမှုတ်ခွက်နှင့် ရေတစ်ခွက်ပါ ခပ်လာပေးသည်။ မာလိုက်သည့်ထမင်းသည် မျိုတောင်မကျ။

"ဟို ဒီလုံရွာမှာဒီလိုဆန်မျိုးပဲ စားရတာလားဟင် ...တခြား ဆန်ရှိသေး လား"

"အကြောင်းရှိသတဲ့လား မောင်ရင် ။ ကျုပ်တို့တော့ ဒါ အကောင်းဆုံးပဲ။ မစားနိုင်ဘူးလား"

"အင်း … မာတောင့်နေတာပဲ စားမဝင်ဘူး"

တစ်ရွာလုံးမှာ အကောင်းဆုံးဆန် စားနိုင်သည့် ခွန်မင်းတို့လိုအိမ်က ဆန်ကိုတောင် မစားနိုင်သည့် သူ့ကို နည်းနည်းတော့ အမြင်ကတ်သွားသည်။ ကိန်းကြီးခန်းကြီး နိုင်တာကို ခွန်မင်း မကြိုက်။

"ဒီမှာ အမြဲ ဒါပဲစားကြတယ်။ မောင်ရင့် ကြည့်ရတာ ဒီမှာ ရက်ရှည်ဦးမယ်ထင် စားတတ်အောင် စားပါလေ။ ယောက်ျားဘသားပဲ ဒေါင်ကျကျပြားကျကျပေါ့… မဟုတ်ပေဘူးလား။ မစားနိုင်ဆိုက ကျုပ်တို့လည်း တတ်နိုင်မယ်မထင်"

အစားကောင်း မစားရလျှင် စိတ်ဆိုးလာသည်မှာ လူ့ထုံးစံပေလား။ နောင်ငယ့်ထုံးစံ ပေလားမသိ။ ဂျစ်တစ်တစ်စိတ်က တိုးထွက်လာသည်။

"ဘယ်လိုတောင် ဩ့ဝတ်ကျေတဲ့လူကြီးလဲ မသိဘူး။ စားမယ် သိလား စားမယ်။ မစားရင် စားစရာ မရှိဘူးမလား။ နောင်ငယ်တို့က အငတ်မခံနိုင်လို့ စားမယ်"

စူပုပ်ပုပ်ဖြင့် လက်ဖြင့်စားရသည့် ထမင်းလုတ်ကြီးကြီးကို ပါးစပ်ထဲ ပလုတ်ပလောင်း ထည့်လိုက် ရေသောက်လိုက် လုပ်နေသည့်ကောင်လေးကို ခွန်မင်းရော မိန္တယ်ပါ ပါးစပ်အဟောင်း သားဖြင့် ကြည့်နေမိကြသည်။

"ပြီးတော့ … ကျွန်တော့်ကို မောင်ရင် မောင်ရင်နဲ့ မခေါ်နဲ့။ ထောက်တယ်။ နောင်ငယ်လို့ ခေါ်။ အဲဒါကျွန်တော့် နာမည်"

"ရပါတယ်။ နောင်ငယ်ဆိုတာ ညီငယ်လေးလို သဘောမျိုး သက်ရောက်တာပေပဲ"

ရှိသည်တောင် မထင်ရသည့် မျက်တောင်တို့ဖြင့် မျက်စောင်းထိုးမိသည် ထင်ပါသည်။ ဘယ့်နှယ် နာမည်တပ် ခေါ်ခိုင်းတာကိုတောင် ညီငယ်လေးလို သဘောမျိုးမို့ ခေါ်နိုင်သည် ဆိုနေသေး။

ခွန်မင်းဆို သူ့ကို အမြင်ကတ်လိုက် ထမင်းကဝင်လိုက်နှင့် တစ်ပန်းကန်တော့ ကုန်သွားခဲ့သည်။ စားပြီးတော့ ခွန်မင်းက ထသွားသည်။ နောင်ငယ်သာလျှင် ထိုနေရာလေးနားက ကွပ်ပျစ်ပေါ်မှာ ငုတ်တုတ်လေး ထိုင်ကျန်ခဲ့သည်။ ပျော်အောင်နေရမည်သာ တေးထားပေမဲ့ တကယ်တမ်းကျတော့ မည်သည့်နေရာ မည်သည့် ခေတ်မှန်းလည်း မသိ... သိကျွမ်းသူတစ်စုံတစ်ယောက် မရှိပါဘဲနှင့် နောင်ငယ် ဝမ်းနည်းသည်။ ဒီအချိန်ဆို အိမ်မှာ ရုပ်ရှင်ကြည့်လိုက် မေမေတို့နှင့် ပျော်မြူးနေလိုက်မို့ မျက်ရည် လည်လာပါသည်။

"အယ် တစ်နေ့က ဦးရီး ကယ်တင်ခဲ့တယ်ဆိုတဲ့ မောင်ငယ်လေးလား"

ရုတ်တရက် အသံကြောင့် နောင်ငယ် မော့ကြည့်မိသည်။ ဆံလျှိုဆံထုံးကို သေသပ်စွာ ထုံးကာ ပန်းနုရောင် ရင်ခံကိုမှ အပေါ်အဖြူလေးဖြင့် ထဘီဖြူလေး ဝတ်ထားသည့် ကျက်သရေ ရှိလှပါသော မမတစ်ယောက်။ ထိုမမက သူ့ကို ချစ်စဖွယ် ပြုံးပြနေသည်။ ဘေးက အတူပါလာဟန် တူသည့် အစ်ကိုကြီးကလည်း ခွန်မင်းနီးပါး မြင့်မားသည့် အရပ်နှင့် လူချောလူဖြောင့်ပင် ဖြစ်သည်။ မတူသည်က ခွန်မင်း ဆိုသူက မျက်နှာထား အေးစက်တည်နေသလောက် ထိုအစ်ကိုကြီးကတော့ ပြုံးဟန်စွက်နေသည်။

"ဟုတ် နောင်ရိုးငယ်ပါ ။ နောင်ငယ်လို့ ခေါ်လို့ရပါတယ် ခင်ဗျ"

"ကြည့်ပါဦးကွယ် ... မျက်ရည်စတွေနဲ့ပါလား။ ဘယ်အကြောင်း ကိစ္စများရှိသလဲ "

နောင်ငယ်၏ မျက်ရည်စတို့သည် နေဝင်ချိန်ခါစောင်းမှာတွင် တ

လက်လက်ဖြင့် မျက်လုံးလေးများက ကြယ်လေးတွေလို ပင်ဖြစ်သည်။ လှ သူဇာ မြင်မြင်ချင်း မောင်ငယ်လေးလို ချစ်သွားရပါတော့သည်။

"ကိစ္စရှိကပြောပါလေ။ ကျုပ်တို့ကို အားနာစရာမလိုဘူး နော့"

"ကျေးဇူးတင်ပါတယ် "

"ဟော ... သီဟနဲ့ သူဇာ လာ ... ဦးရီးနဲ့တူတူ ထမင်း စားလိုက်ကြ ရအောင်။ ကလေး အပြင်မှာ ခြင်တွေပေါတာရယ် အိမ်ထဲ ဝင်လိုက်တော့ နော် ... မိနွယ် ... နင့်မောင်ကြီးခွန်မင်း အခန်းမှာပဲ ခဏနားစေလိုက် ကွယ်"

ဦးရီးညွှန်ကြားသည့်အတိုင်း သီဟတို့ နောင်ငယ်ကို နူတ်ဆက်ကာ အထဲ ဝင်သွားသည်။ မိနွယ်ကတော့ ဦးဆောင်ပြုလျက် ခွန်မင်း၏အခန်းထဲသို့ ခေါ်လာပေးသည်။

"နောင်နေ့များမှ မိနွယ် အစ်ကိုငယ်လေး အတွက် အခန်း ရှင်းပေးရမှာ ပါ။ ရက်ပိုင်းတော့ ဦးရီး စီစဉ်တဲ့အတိုင်း မောင်ကြီး ခွန်မင်းဆီမှာ အနားယူပါလေ။ ဝင်သွားလိုက်ပါ့နော်"

"ရပါတယ် မိနွယ် ။ သွားစရာရှိတာ သွားပါ"

မိနွယ် ထွက်သွားတော့မှ သစ်သားတံခါးလေးကို နှစ်ချက်လောက် အရင် အသံပြု ခေါက်လိုက်သည်။ တုံ့ပြန်မှုမလာသည့် အတွက် ကန့်လန့်မထိုး ထားသည့် တံခါးကို ဆွဲဖွင့်ကာ ဝင်လာလိုက်သည်။

"ဟော့ ... အသံမပြုဘဲ အဘယ်ကြောင့် ဝင်လာရလဲ"

ခွန်မင်းသည် အပေါ်ပိုင်းအင်္ကျီဗလာဖြင့် ဆီးဟောက်တော့သည်။ နောင် ငယ် ဂရုမထားအား။ အဖုအထစ် ကြွက်သားများနှင့် ရှငေးချင်စဖွယ် ခန္ဓာကိုယ် ဖွဲ့စည်းပုံကို ငေးနေမိသည်။

အားငယ်သွားရသည်။ မိမိ၏ကိုယ် ပိန်ပိန်သေးကို။

"ဟော့ ကြားရဲ့လား"

"အမ် ... ကျွန်တော် တံခါးခေါက်ထားပဲလေ ခင်ဗျား ...အဲ့ ... "

ခင်ဗျားဆိုတော့လည်း ဒီဘက်ခေတ်အတွက် ရိုင်းနေသလိုများ ဖြစ်နေမလား။ ဖေဖေ သမိုင်းသုတေသီရဲ့သားလေး နောင်ငယ်က ဒီလောက်တော့ မရိုင်းစကောင်း။ စက္ကန့်ပိုင်းအတွင်း အမျိုးမျိုးအထွေထွ ေ ပြေးလွှားနေသည့် အတွေးတွေကြား သူ့ကို အစ်ကိုလို့တော့ဖြင့် မခေါ်ချင်။

အတွေးလွန်နေစဉ်မှာပင် ခွန်မင်းကအင်္ကျီဝတ်လို့ ပြီးသွားခဲ့ပြီ။

"နောင်အခါ အသံပြုပါ"

"အင်း ကျွန်တော် တံခါးနှစ်ချက်တောင် ခေါက်တယ်လေ အသင်မှ မကြားတာ"

"အသင် ... ရှိစေတော့ နောင်ငယ် တံခါးခေါက်ရင်လည်း ပြတ်ပြတ်သားသား အသံထွက်အောင် ခေါက်ရောပေ့ါ။ အုန်းမောင်းကို ကျူရိုးလေးနဲ့ ထိုးသလိုဆိုရင်တော့ အသံ ဘယ်မြည်လိမ့်မလဲ"

"သူ့ဘာသာ မကြားဘဲနဲ့"

နောင်ငယ် တီးတိုးရေရွတ်တာကိုတော့ ခွန်မင်းတစ်ချက် လှည့်ကြည့်ပြီးမှ ဘာမှတော့မပြော။ ခုတင် အကျယ်ကြီး၏ အတွင်းဘက်မှာ နောင်ငယ့်အတွက် အိပ်ရာသီးသန့် ခင်းပေးထားပုံရသည်။ ဘယ်လိုပဲဖြစ်ဖြစ် တစ်ခုတင်တည်း အိပ်ရတာပဲမလား။ နောင်ငယ်က အအိပ်နည်းနည်း ကြမ်းတော့ သူများကို အနှောင့်အယှက်ဖြစ်မှာက စိုးရသေးသည်။ မှောင်စပျိုးလာပြီမို့ ခွန်မင်းက မီးစာခွက်ကို မီးညှိလိုက်သည်။ နောင်ငယ်ကတော့ အခန်းကျယ်ထဲ တောင်လျှောက်လိုက် မြောက်လျှောက် လိုက်ဖြင့်။

"ကဲ နောင်ငယ် အနားယူချင်သပဆို ရပြီနော်။ ကျုပ် အောက်မှာ ဦးရီးတို့နဲ့ စကားစမြည် ပြောလေဦးမယ်"

"အသင် မြန်မြန်တော့ ပြန်လာနော်။ ကျွန်တော်က ခုမှ သူများနေရာမှာ တစ်ယောက်တည်း နေသားမကျဘူးရယ်"

အသည်းငယ်လှ ပါပေကော ဟု ဆိုရန် ပြင်လင့်ကစား မီးရောင်အောက်မှ မျက်နှာက အမှန်တကယ် သနားစဖွယ်မို့ ခွန်မင်း ခေါင်းသာ ညိတ်ပြလိုက်တော့သည်။

"သြော် အသင်ပြန်ဝင်လာရင် တံခါးကို အရမ်းခေါက်စရာ မလိုဘူးနော်။ အုန်းမောင်းကို ကျူရိုးနဲ့ထိုးတဲ့ အသံနဲ့ခေါက်လည်း ကျွန်တော်က ကြားတယ် နားကောင်းတယ်လေ"

လှောင်ပြောင်နေမှန်း သိသည်။ တံခါးဝရောက်မှ ဖျတ်ခနဲ ပြန်လှည့်ကြည့်လိုက်တော့ ဒင်းက မသိသလို ချာခနဲလှည့်ကာ ခုတင်ပေါ်တက်သွားသည်။ ခွန်မင်း ခေါင်းတယမ်းယမ်းဖြင့် အခန်းပြင် ထွက်လာသည်။ ဘယ်လိုအရာလေးမှန်းကို မသိ။

သနားသက်ညှာ စိတ်လေးကို ထားမရ။

***

## အပိုင်း(၄)

ငှက်တို့၏ စိုးစီစီအော်သံလေးတို့က တိတ်ဆိတ်နေသည့် ပတ်ဝန်းကျင်တွင် ထင်ထင်ရှားရှား ကြားနေရသည်။ အိပ်ချင်စိတ်က မပြေသေးသည်ကြောင့် နောင်ငယ် ခန္ဓာကိုယ်ကို တစ်ပတ် လှိမ့်လိုက်သည်။ ယခင်က သူ့ဖက်လုံးက အဲ့လောက် မနွေးပါ။ ခု သူ ခွထားသည့် ဖက်လုံးသည် နွေးအိကာ ပိုတိုးလို့ ဝင်ချင်ဖွယ် ဖြစ်သည်။ အနည်းငယ် ချမ်းစိမ့်နေသည်ကိုလည်း ခံစားရသော ကြောင့် ထိုဖက်လုံးကိုသာ အားရပါးရ ခွကာဖက်ထားလိုက်တော့သည်။

"ဟော့ ... ဟော့ နောင်ငယ် ... နောင်ငယ် ... "

"ဟင့်အင်း ... သား အိပ်ချင်တယ်ဆို ... မေမေ ကလည်း ... "

သံရှည်ဆွဲကာ ချွဲနေသူသည် ခွန်မင်းကို သူ့မိခင်ဟု ထင် မှတ်မှားနေသည်လားမသိ။ ကိုယ့်ကိုတောင် ပိုတိုးလို့ လာခွထားလိုက်သေးသည်။ ယခု ခွန်မင်းပုံစံသည် နောင်ငယ်က ခါးခွင်နားကို ခွလျက် လည်ပင်းကိုပါ သိုင်းဖက်ထားသည်မို့ တောင့်တောင့်ကြီး ဖြစ်နေရသည်။

"မဖယ်လေရော့ဘူးလား ... နောင်ငယ် ပြီးမှ ကျုပ်ကို အဆိုးမဆိုလေနဲ့နော် ဖယ် ... "

ခပ်ကြမ်းကြမ်း ဆွဲလှုပ်ကာ အသိဝင်စေလိုက်တော့မှ နောင်ငယ် မျက်လုံးတို့ ပွင့်လာသည်။ အနီးကပ်မြင်ရသည့် စိမ်းဖန့်နေသည့် မေးဖျားကိုမြင်လိုက်ရသည်နှင့် အတူ အထက်ကိုမော့ ကြည့်လိုက်တော့ မျက်မှောင်ကုတ်

ကြည့်နေသည့် အသင်္ယာ သား။

"Omma ya .. "

ဗြုန်းဆို ခွထားသည်ကို ဖယ်ကာ ငုတ်တုတ်ထိုင်မိသွားရသည်။ ခွန်မင်းကတော့ သဘောမကျသလို ကြည့်ကာ အိပ်ရာမှထ၏။

"အိပ်စက်တာ ကြမ်းလှချည်လား။ နောင်ဘယ်လိုများ လုပ်မလဲ နောင်ငယ်"

"ဆောရီး ... အဲ့တောင်းပန်ပါတယ် ကျွန်တော် သတိမထားမိလို့ ... အိမ်မှာဆို ကျွန်တော်က ဖက်လုံးနဲ့အိပ်တာလေ။ ဖက်လုံး ဆိုတာသိတယ်မလား အစတစ်ခုထဲ မှို့တွေထည့်ပြီးချုပ်ထားတာ ကိုပြောတာ"

ခွန်မင်း တစ်ချက် စဉ်းစားသလိုလုပ်ပြီးမှ ဘာမှမပြောတော့။ ပြတင်းပေါက်ကို ဖွင့်လိုက်တော့ လေနုအေးက တိုက်ခတ်လာသည်။ အပြင်မှာ မိုးတော့ စင်စင်မလင်းသေး။ သို့ပေမဲ့ လည်း ဒါသည် သူ ထနေကျ အချိန်ဖြစ်သည်မို့ တဘက်တစ်ထည်ကို ပခုံးပေါ် လွှားလိုက်ကာ ကိုယ်လက်သန့်စင်ဖို့ အိမ်အောက် ဆင်းရမည်ဖြစ်သည်။

"အသင် ... ဘယ်တုံး ကျွန်တော် အိမ်သာတက်ချင်လို့"

"အောက်ဆင်းခဲ့ပါ ခြံနောက်ထဲမှာ အိမ်သာလုပ်ထားတာရှိတယ်"

ဒီလိုဆိုတော့ ဘယ်ဆိုးလို့လဲဟု နောင်ငယ်တွေးကာ ခွန်မင်းနောက်က လိုက်လာ ခဲ့လိုက်သည်။ အမှန်ဆို ချုံတိုးကာ ကိစ္စရှင်းရတော့မည်ဟု ထင်မိပေမဲ့ နည်းနည်း တိုးတက်သည်လို့ ပဲပြောရမလား။ ခြံဘေးဘက်နားက စဉ့်အိုးနားတွင် ခွန်မင်းက ရပ်လိုက်သည်။ ထို့နောက် မည်းမည်းသည်း သည်းနှင့် ခြံ နောက်ဘက်ကို လက်ညှိုး ညွှန်ကာ ...

"ဟိုး အနောက်ဘက်မှာ ရှိတယ်ပ ... "

ဗိုက်က တကယ်နာနေပြီမို့ ချက်ချင်းပင် နောင်ငယ် သော့သော့လေး ပြေးထွက်သွားသည်။ ခွန်မင်းလည်း စဥ့်အိုးထဲမှ ရေတစ်ဖလား ခပ်ကာ မျက်နှာသစ်လိုက်၏။ ဆားရည်ဖြင့်ပလုတ် ကျင်းရန် ပြင်နေစဉ်မှာပင် ခြေသံကြား၍ နောက်ပြန်လှည့်ကြည့် မိလိုက်သည်။

"အသင် ... မှောင်မည်းနေတာပဲ ကျွန်တော် မသွားရဲဘူး"

ခါးကုန်းကာ ဗိုက်လေးကို နှိပ်ထားသည့် နောင်ငယ့်အသွင်သည် သနားစဖွယ်ဖြစ်ပေမဲ့ ခွန်မင်း မျက်ခုံးတို့ တွန့်ချိုးသွားသည်။

"ဒီခြံဝင်းထဲမှာပဲကို ဘာလို့မသွားရဲတာတုံး။ နောင်ငယ် ယောကျ်ား မဟုတ်ဘူးလား"

"အသင်ကလည်း ယောကျ်ားလေးပေမဲ့ ကြောက်တတ်တယ်။ မှောင်မည်းနေတာ အကောင်ပလောင်တွေ တွေ့မှာစိုးလို့ ... လိုက်ပို့ပါနော် အသင် ကျွန်တော် ဗိုက်တအား နာနေပြီမို့"

ဗိုက်အောင့်လွန်းလို့ နောင်ငယ် ချွေးစေးတွေပင်ပြန်ကာ ခြေချင်းလိမ်နေရသည်။ ဒါကို ဘဲကြီးက အထာကိုင်တုန်း။ မှောင်မည်းနေလို့သာပေ့ါ။ လင်းချင်းနေရင် နောင်ငယ်တို့က တာဝတိံသာထိ တက်ရလည်း ဝန်မလေးဘူး။

"ကဲ သွား ... သွား တကယ်ကို နောင်ငယ်က အဘယ်မြို့မှာ ဖွားခဲ့သလဲ ကျုပ် နားမလည်တော့ဘူး။ ကျုပ်တို့လုံရွာသားတွေ ဒီလောက် ကြောက်ရွံ့တတ်တာ အဘယ်ခါမှ မမြင်ဖူးပါလေ "

အိုပြောချင်တာ ပြောပါစေ။ အရေးကြီးတာ နောင်ငယ်လေး အိမ်သာ တက်ရဖို့သာပဲ။ မသွားရဲတာလည်း မပြောနှင့် မိုးမလင်းသေးသည့် အုန်းမောင်း ခေါက်ချိန်လောက်ကို အိမ်နှင့် ခပ်ဝေးဝေးမှာ ဆောက်ထား

သည့် အိမ်သာလမ်းက မပီပြင်ဝိုးတဝါး။

"အသင် ခဏစောင့်ပေးနော် "

အိမ်သာထဲမဝင်ခင် လှမ်းအော်လိုက်တော့ ခွန်မင်း၏ သက်ပြင်းချသံကို ကြားလိုက်ရသေးသည်။ တစ်သက်နှင့်တစ်ကိုယ် ခွန်မင်းသည် ပထမဆုံး အရွယ်ရောက်ပြီးသား ယောကျ်ားတစ်ယောက်ကို အိမ်သာ လိုက်စောင့်ပေး ရသည့် အဖြစ်။ ခြင်က ပေါသေးသည်မို့ ပုခုံးပေါ်တင်လာသည့် တဘက်ဖြင့် ဟိုယမ်း သည်ယမ်းက လုပ်ရသေးသည်။

"ဟူး ... ခုမှပဲပေ့ါသွားတော့တယ် ... "

"နောင်ငယ် နောင်ဆို သွားတတ်အောင် လုပ်ပါလေ။ ကျုပ် အမြဲလုပ်မပို့ နိုင်ဘူးပ"

ခေါင်းတဆတ်ဆတ် ညိတ်ပြလိုက်သည်။ နောင်ခါလာ နောင်ဈေးပေ့ါ။

နောင်ငယ်လည်း မျက်နှာသစ်ပြီးတော့ အိမ်ပေါ်ပြန် ရောက်သည့်အချိန် မီးဖိုခန်းဘက်တွင် မိန္ဒယ်တို့က ချက်ပြုတ်နေပြီဖြစ်သည်။ ခွန်မင်းကတော့ ချည်လွယ်အိတ်တစ်လုံးကို စလွယ် သိုင်းလိုက်သည်မို့ အခန်းထဲ ပြန်ဝင် မည့်နောင်ငယ် ပြန်လှည့်လာသည်။

"ဘယ်သွားမလို့လဲ အသင် ... "

"ယာထဲကိုပါ"

"ဝေးလားဟင်...ကျွန်တော်လည်း လိုက်မယ်"

ခုမှ မျက်နှာသစ်ပြီးကာစမို့ ပြောင်ပြောင်တင်းတင်းလေး ဖြစ်နေသော မျက်နှာလေးဖြင့် နောင်ငယ်မျက်လုံးတွေတလက် လက်တောက်ကာ တောင်းဆိုမိသည်။ ခွန်မင်း ခဏစိုက်ကြည့် ပြီး မျက်နှာလွှဲသွားသည်။

"လျှောက်နိုင်သပဆို လိုက် ... "

နောင်ငယ် ကျိတ်ပြုံးမိသွားသည်။

ဟင်း ... ဒီဘဲကြီး ငါ့ ageyo တွေမှာ ကျရှုံးသွားပြီ။

တစ်ဆက်တည်းလိုလို ကလျာသက်ဝေ၏ ကလေးက ချစ်စရာလေးကွာ ဟူသည့် အသံကို ပြန်ကြားယောင်မိတော့ စိတ်ဓာတ်ကျကာ ခေါင်းချက်ချင်း ခါယမ်းပစ်လိုက်သည်။

ယောက်ျားဆန်ဆန် နေရမယ်။

"နောင်ငယ် ဘယ်ကလာခဲ့သလဲ တကယ်မသိတာများလား"

"ဟင့်အင်း အဲဒါကြောင့် ကျွန်တော့်ကို နှင်မထုတ်နဲ့နော်။ အဆင်ပြေသလောက် ဒီမှာပဲ ပေးနေလေနော်။ ခိုင်းတာအားလုံး လုပ်ပေးပါ့မယ်"

ယာခင်းဆီသွားသည့်ချိန် နေမင်းက ပြူစဖြစ်နေလေပြီ။ ဒီစကားတွေကိုတော့ဖြင့် နောင်ငယ် စိတ်ရင်းဖြင့် ဆိုခြင်း။ မောင်းထုတ်လိုက်လျှင် သူလည်း ဘယ်သွားရမည်မှန်းလည်းမသိ။

"မစိုးရိမ်လေနဲ့။ ကျုပ်တို့ရွာသားတွေက ဧည့်သည်တွေကို နှင်ထုတ်ရလောက်အောင် မရိုင်းတတ်ပ။ နောင်ငယ်ဒီအရပ်မှာ ကြာမည့်သဘောဆို ဦးရီးက မြို့အပိုင်ကို အကြောင်း ကြားထားပေးရမှာ"

"အင်း အင်း ဧည့်စာရင်းတိုင်တဲ့ သဘောမျိုးထင်တယ်။ ကျွန်တော် သိတယ်"

"ပြီးတော့ နောင်ငယ် အလုပ်လုပ်စရာမလို။ ကျုပ်တို့ အိမ်မှာ အဆင်ပြေသလို နေရင်ရတယ် ... နောင်ငယ့်အသွင်နဲ့ ဘယ်အလုပ်မကိုများ အားစိုက်နိုင်လေမလဲ ... "

အဖြစ်မရှိဟု ဆိုလိုလေသလားတော့ မသိပေမဲ့ နောင်ငယ် နှုတ်ခမ်းစူသွားသည်။ ဟိုဘက်ခေတ်မှာ ကိုယ်လုပ်နိုင်တာတွေ သူ လုပ်နိုင်တာကျ။ လူပဲ

အခြေအနေနှင့် အချိန်အခါမှာ လုပ်နိုင်တာ မလုပ်နိုင်တာ ဆိုပြီး သတ်သတ်ရှိသည်ကိုပဲ။ ခွန်မင်းကလည်း စကားအရမ်း ပြောတတ်သည့်သူမျိုး မဟုတ်လေတော့ ယာခင်းသွားသည့် လမ်းတစ်လျှောက် နောင်ငယ်က ပတ်ဝန်းကျင်ကို ငေးမောကာ လိုက်ပါလာသည်။ မြင်မြင်သမျှသည် စိမ်းစိမ်းစိုစိုနှင့် ရှုရသည့်လေကအစ လတ်ဆတ်နေသည်မှာ မြို့ပြနှင့် လားလားမျှ မသက်ဆိုင်။

"ဗျို့ နောင်ကြီး ခွန်မင်း ဒီနေ့နောက်ကျအုံ့ရော "

"ခွီး ... "

ယာခင်းထဲမှ လူတစ်ယောက်၏ လှမ်းအော်နှုတ်ဆက်သံကြောင့် နောင်ငယ် ရယ်သံ ထွက်လာသည်။ ဖျတ်ခနဲ လှည့်ကြည့်လာသည့် ခွန်မင်းကြောင့်သာ မျက်နှာအရှိန် သတ်လိုက်ရသည်။

နောင်ကြီး ခွန်မင်းတဲ့။ နောင်ငယ်နဲ့တော့ ဟုတ်နေပါပြီ။ မသိရင် ကိုယ်တွေက ညီအစ်ကိုရင်းချာတွေလို။

"ဟုတ်ပ အောင်စမ်း ... အချိန်နည်းနည်း လင့်သွားတယ်။

"လုပ်စရာရှိတာသာ လုပ်လေပေါ့ ... ကျုပ်လာကြည့်ပ့ါမယ်"

ထင်တော့ထင်ပါသည်။ အစကတည်းက အခြေကြီးဟန်တူသည့် ခွန်မင်းတို့ မိသားစုက လယ်ယာခင်းတော့ ကိုယ်တိုင် လုပ်ဟန်မတူ။ သူက လာရောက်စစ်ဆေးသည့်ပုံပင်။ လယ်ကန်သင်းရိုးပေါင်သို့ ဆင်းတော့မည် ခွန်မင်းနောက် အသာလိုက် ဆင်းမည်ပြင်စဉ် နောင်ငယ်မျက်လုံးထဲ ဝင်လာသည်က အိမ်ကြွက်တွေထက် နှစ်ဆလောက်ရှိမည့် ကြွက်ကြီးကြီး နှစ်ကောင်.

"အသင် ... ကြွက်ကြီး ... အီး ... ဟီး ... "

ရင်ထဲ ကလိကလိနှင့် အသည်းအူတွေများ ပြုတ်ကုန်ပြီလား ထင်ရအောင် ယားယံ လာသည်မို့ ရှေ့က ခွန်မင်းကို ဝုန်းဆို ပြေးဖက်လိုက်သည်။ မျက်လုံးကြီး မှိတ်ကာ အားကုန်အော်ဟစ်နေသည်မို့ ယာခင်းထဲကလူတွေလည်း စူးစမ်းလာကြသည်။

"ကြွက် မမြင်ဖူးလေရော့လား.။ နောင်ငယ်မကြောက်သည့်အရာရော ရှိသေးရဲ့လား"

"ကြောက်တာ မဟုတ်ဘူး အသည်းယားတာ"

ဖက်တွယ်လက်စကို မဖယ်သေး ။ ခေါင်းထောင်ကြည့်ကာ ကြွက်ဝင်သွားသည့် တွင်းကို အာရုံစိုက်ပြီးမှ နောင်ငယ်က ဖြေသည်။ ခွန်မင်းသက်ပြင်းကြီးကြီး ချလိုက်ပါသည်။ ယာခင်းထဲက အောင်စမ်းတို့ မိကျေးဥတို့အုပ်စုတွေ ပြုံးစိစိနှင့် ရယ်ချင်နေကြသည်ကို ကြည့်ကာ စိတ်ဆင်းရဲသွားသည်။ ခွန်မင်းခေ ဆိုသည့် သူက အမြဲလိုလို အနေတည်ကာ လူအများသဘောကျသည့်ပုံ။ မည်သည့်အခါမှ ဒီလို ယောက်ယက်ခတ်နေတာမျိုးနှင့် ပနံသင့်သည့်သူ မဟုတ်။

အရှက်တော့ ကွဲရချည်ရဲ့ နောင်ငယ်။

***